# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်

# အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုဆိုင်ရာ နိုင်ငံ့ဝန်ထမ်းဥပဒေ

(၂၀၂၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ၁)
၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**နိဒါန်း**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစောင့်ကြည့်လေ့လာရေး အဖွဲ့များကလည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်သည်ဟု အသိအမှတ် ပြုခဲ့ကြသည်။ သို့သော် အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုသည် မဲစာရင်း မှားယွင်းမှုနှင့် မတရားပြုကျင့်မှုများ ရှိသည်ဟု အကြောင်းပြ စွပ်စွဲကာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် လက်နက်အားကိုးဖြင့် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို အဓမ္မ သိမ်းယူခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံ့ဝန်ထမ်းများသည် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement-CDM) တွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည်။ စီဒီအမ် နိုင်ငံ့ဝန်ထမ်းများအား အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်း၊ ပြန်လည် ကုစားပေးခြင်း၊ အမှန်တရားနှင့် တရားမျှတမှုကို ရှာဖွေဖော်ထုတ်ပေးခြင်းများ ဆောင်ရွက်ရန်နှင့် အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် စီဒီအမ်မလုပ်သော နိုင်ငံ့ဝန်ထမ်း များကို အရေးယူမှုများ ဆောင်ရွက်နိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာသက်ရောက်သည့်နေ့ နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု (Civil Disobedience Movement -CDM) ဆိုင်ရာ နိုင်ငံ့ဝန်ထမ်း ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်သမ္မတသည် ဤဥပဒေကို နိုင်ငံတဝန်းလုံးတွင် ဖြစ်စေ၊ တစိတ်တဒေသတွင် ဖြစ်စေ အာဏာသက်ရောက်စေရန် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အစိုးရ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေး အစိုးရကို ဆိုသည်။

( ခ ) **အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု (Civil Disobedience Movement -CDM)** ဆိုသည်မှာ အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စု၏ မတရားသော ဥပဒေများ၊ အမိန့်အာဏာများနှင့် အကြမ်းဖက် နှိပ်ကွပ်မှုများကို အန်တုဖီဆန်ခြင်းဖြင့် စစ်အာဏာရှင်စနစ် အပြီးတိုင် ချုပ်ငြိမ်းစေရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီစနစ် တည်ဆောက်နိုင်ရန် မိမိတို့ တတ်စွမ်းသည့် နည်းလမ်းများဖြင့် အကြမ်းမဖက် အာဏာဖီဆန်နေကြသော ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ပြည်သူလူထု၏ နိုင်ငံရေးလှုပ်ရှားမှုကို ဆိုသည်။

( ဂ ) **စီဒီအမ် နိုင်ငံ့ဝန်ထမ်း** ဆိုသည်မှာ ဝန်ထမ်း အဖွဲ့အစည်း တရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတခုခုတွင် ခန့်အပ်ခြင်းခံရသော နိုင်ငံ့ဝန်ထမ်းများက အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် မိမိ၏ အလုပ်အကိုင်၊ မိမိတို့ မိသားစု၏ ဘဝရပ်တည် ရှင်သန်မှုနှင့်လုံခြုံမှုတို့ကို စွန့်လွှတ်၍ အများအတွက် အနစ်နာခံကာ ရဲရဲဝံ့ဝံ့ ပါဝင် ဆောင်ရွက်ကြသော နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား နှင့် ရဲတပ်ဖွဲ့ဝင်များကို ဆိုသည်။ သို့ရာတွင် တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဤဥပဒေပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကျုံးဝင်ခြင်း မရှိစေရ။

(ဃ) **စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်း** ဆိုသည်မှာ စီဒီအမ် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

( င ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုဆိုင်ရာ နိုင်ငံ့ဝန်ထမ်း စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စီဒီအမ် နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံရေးခံယူချက်အား လေးစားတန်ဖိုးထား၍ နိုင်ငံသား အခွင့်အရေးနှင့် အခြေခံ လူ့အခွင့်အရေးအား အကာအကွယ်ပေးရန်၊

( ခ ) စီဒီအမ် နိုင်ငံ့ဝန်ထမ်းများအား လေးစားဂုဏ်ပြုအပ်သည့် ဝန်ထမ်းကောင်းများအဖြစ် အသိအမှတ်ပြုခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ခြင်းများကို ထိရောက်စွာ ဆောင်ရွက်ရန်၊

(ဂ) စီဒီအမ် နိုင်ငံ့ဝန်ထမ်းများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စွမ်းရည်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် လိုအပ်သော အကူအညီများ ပံ့ပိုးပေးရန်၊

(ဃ) စီဒီအမ်နိုင်ငံ့ဝန်ထမ်းများ၏ နစ်နာမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ရှာဖွေဖော်ထုတ်ပြီး ပြန်လည်ကုစားပေးခြင်းနှင့် အမှန်တရားနှင့် တရားမျှတမှု ရှာဖွေဖော်ထုတ်ခြင်း အစီအမံများ ဆောင်ရွက်ရန်၊

(င) ဂုဏ်သိက္ခာရှိပြီး အမှန်တရားနှင့် တရားမျှတမှုကို တန်ဖိုးထားသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနှင့် ကိုက်ညီသည့် နိုင်ငံ့ဝန်ထမ်းယန္တရားကို ဖော်ဆောင်ရာတွင် အထောက်အကူ ဖြစ်စေရန်၊

(စ) စီဒီအမ် နိုင်ငံ့ဝန်ထမ်းများ၏ မြင့်မြတ်သော ခံယူချက်နှင့်စိတ်ဓာတ်များ ရေရှည်တည်တံ့စေရန်၊

(ဆ) စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်းများကို ဥပဒေနှင့်အညီ စိစစ်၍ ၎င်းတို့၏ ပြုလုပ်မှု၊ ပျက်ကွက်မှုများအပေါ် အရေးယူမှုများ ပြုလုပ်ရန်။

## အခန်း (၃)

## အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်း၊ ပြန်လည်ကုစားပေးခြင်း၊ အမှန်တရားနှင့် တရားမျှတမှု ရှာဖွေဖော်ထုတ်ခြင်း

### အသိအမှတ်ပြုခြင်း

၅။ အစိုးရသည် စီဒီအမ် နိုင်ငံ့ဝန်ထမ်းများကို အောက်ပါအသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးရမည်-

(က) မတရားမှုကို ဆန့်ကျင်တော်လှန်သည့် မြင့်မြတ်သော စိတ်ထားနှင့် ဆောင်ရွက်ခဲ့သော စီဒီအမ် နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ပြုထိုက်သူများအဖြစ် အသိအမှတ်ပြုခြင်း၊

(ခ) စီဒီအမ် နိုင်ငံ့ဝန်ထမ်းများအား နွေဦးတော်လှန်ရေးကို အင်အားကောင်းစေသူများအဖြစ်လည်းကောင်း၊ တော်လှန်ရေး မျက်နှာစာ အသီးသီးကို အထောက်အပံ့ ဖြစ်စေခဲ့သူများအဖြစ် လည်းကောင်း ဂုဏ်ပြုထိုက်သူများအဖြစ် အသိအမှတ်ပြုခြင်း၊

(ဂ) နွေဦးတော်လှန်ရေး၏ ကဏ္ဍအသီးသီးတွင် ထပ်မံ၍ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသော စီဒီအမ် နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ပြုထိုက်သူများအဖြစ် အသိအမှတ်ပြုခြင်း၊

(ဃ) တော်လှန်ရေးတွင် မိမိတို့၏ အသက် သို့မဟုတ် ကိုယ်အင်္ဂါ အစိတ်အပိုင်းတခုခုကို ပေးဆပ်ခဲ့ကြသည့် စီဒီအမ် နိုင်ငံ့ဝန်ထမ်းများနှင့် အကျဉ်းကျခံခဲ့ရသည့် စီဒီအမ် နိုင်ငံ့ဝန်ထမ်းများကို အထူးဂုဏ်ပြုထိုက်သူများအဖြစ် အသိအမှတ်ပြုခြင်း။

## ဂုဏ်ပြုချီးမြှင့်ခြင်း

၆။ အစိုးရသည် စီဒီအမ် နိုင်ငံ့ဝန်ထမ်းများ၏ တော်လှန်ရေးတွင် ပါဝင်မှု၊ ပေးဆပ်မှုနှင့် ပုဒ်မ ၅ ပါ အသိအမှတ်ပြုမှုများအပေါ် မူတည်၍ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ဂုဏ်ပြုရမည်။

**ရှင်းလင်းချက်။** ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ဆိုသည်မှာ ဤဥပဒေအရ ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ကို ဆိုသည်။

၇။ အစိုးရသည် စီဒီအမ် နိုင်ငံ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စီဒီအမ် နိုင်ငံ့ဝန်ထမ်းများ၏ ကိုယ်စားပြုအလံနှင့် အမှတ်တံဆိပ် (Logo) သတ်မှတ်ခြင်း၊

( ခ ) စီဒီအမ် နိုင်ငံ့ဝန်ထမ်းများ၏ ရင်ထိုးတံဆိပ်သတ်မှတ်ခြင်း၊

( ဂ ) စီဒီအမ် နိုင်ငံ့ဝန်ထမ်းများနေ့ရက်တခု သတ်မှတ်၍ ယင်းနေ့ရက်ကို အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ခြင်း၊

(ဃ) ပြတိုက်နှင့် ရုပ်တုများ တည်ဆောက်ခြင်း၊

( င ) ပညာရေးသင်ရိုးညွှန်းတမ်းများတွင် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုဆိုင်ရာ သမိုင်းဖြစ်ရပ်မှန်များကို ထည့်သွင်းပြဋ္ဌာန်းခြင်း၊

( စ ) စီဒီအမ် နိုင်ငံ့ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ထောက်ပံ့ခြင်းဆိုင်ရာ အသုံးစရိတ်ကို သီးခြားသတ်မှတ်ထားရှိခြင်း။

## ပြန်လည်ကုစားပေးခြင်း

၈။ အစိုးရသည် စီဒီအမ် နိုင်ငံ့ဝန်ထမ်းများ၏ နစ်နာမှုများအား ပြန်လည်ကုစားပေးရန် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည်-

(က) စီဒီအမ် ပြုလုပ်ခြင်းသည် တာဝန်ထမ်းဆောင်နေခြင်းဖြစ်၍ မူလအလုပ်အကိုင်တွင် ဆက်လက်တာဝန် ထမ်းဆောင်စေပြီး တဆင့်မြင့်ရာထူး ခန့်အပ်တာဝန်ပေးခြင်း၊

( ခ ) ထုတ်ယူခဲ့ခြင်းမရှိသော လစာများ၊ စရိတ်များ၊ ချီးမြှင့်ငွေများနှင့် အခြားခံစားခွင့်များကို ပြန်လည်ပေးအပ်ခြင်း၊

( ဂ ) မတရားသိမ်းဆည်းခံရသည့်၊ မတရားဖျက်ဆီးခံရသည့် သို့မဟုတ် ဆုံးရှုံးသွားရသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကို ပြန်လည်ရရှိစေရန် ဆောင်ရွက်ခြင်း၊

(ဃ) ရာထူးတိုးမြှင့်ခြင်း၊ ရာထူးတိုး ဦးစားပေးစာရင်းတွင် ထည့်သွင်းခြင်းနှင့် ရာထူး တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ဖြေလျှော့ပေးခြင်း၊

( င ) စီဒီအမ် နိုင်ငံ့ဝန်ထမ်းနှင့် ၎င်း၏ မိသားစုဝင်များအား ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝမြှင့်တင်ရေးဆိုင်ရာ အထောက်အပံ့များရရှိစေရန် စီမံဆောင်ရွက်ပေးခြင်း၊

( စ ) အသက်ဆုံးရှုံးခဲ့ရသူများ၊ ကိုယ်အင်္ဂါအစိတ်အပိုင်း ဆုံးရှုံးခဲ့ရသူများ၊ အကျဉ်းကျခံခဲ့ရသူများ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသူများ၊ အကြောင်းအမျိုးမျိုးကြောင့် နစ်နာခဲ့ကြသည့် စီဒီအမ် နိုင်ငံ့ဝန်ထမ်းများအား နစ်နာကြေးနှင့် အထောက်အပံ့များပေးခြင်း၊

(ဆ) စီဒီအမ် ပြုလုပ်သည့်ကာလအတွင်း ပင်စင်ယူရမည့် ဝန်ထမ်းများအတွက် ဥပဒေနှင့်အညီ ရထိုက်သော ပင်စင်အကျိုးခံစားခွင့်များကို ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

( ဇ ) စီဒီအမ် ပြုလုပ်သည့်ကာလအတွင်း သက်ပြည့်ပင်စင် ယူရမည့် ကာလစေ့ရောက်ခဲ့သော ဝန်ထမ်းများသည် မိမိဆန္ဒအလျောက် ဆက်လက် တာဝန်ထမ်းဆောင်လိုလျှင် ငါးနှစ်ထက်မကျော်စေဘဲ ဆက်လက်တာဝန် ထမ်းဆောင်ခွင့်ပြုခြင်း၊

(ဈ) ကိုယ်အင်္ဂါ အစိတ်အပိုင်းဆုံးရှုံးခဲ့သူများ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ချို့ယွင်းသွားခဲ့သူတို့အား နိုင်ငံပိုင်ဆေးရုံ၊ ဆေးခန်းများတွင် တသက်တာ အခမဲ့ ဆေးကုသခွင့် ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(ည) တော်လှန်ရေးကာလအတွင်း ကျဆုံးသွားသော စီဒီအမ် နိုင်ငံ့ဝန်ထမ်း သူရဲကောင်းများ၏ ကျန်ရစ်ခဲ့သည့် သားသမီးများအတွက် အဆင့်မြင့် ပညာပြီးဆုံးသည်အထိ ပညာရေး အထောက်အပံ့များစီမံ ဆောင်ရွက်ပေးခြင်း။

**အမှန်တရားနှင့် တရားမျှတမှု ရှာဖွေဖော်ထုတ်ခြင်း**

၉။ အစိုးရသည် စီဒီအမ် နိုင်ငံ့ဝန်ထမ်းများအပေါ် အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုက နိုင်ငံရေးအရ မတရားဖမ်းဆီးထိန်းသိမ်း တရားစွဲဆိုခံထားရသည့်အမှုများကို ခြွင်းချက်မရှိ ရုပ်သိမ်းပေးခြင်းနှင့် ပြစ်မှုထင်ရှားစီရင်ခြင်းများကို ခြွင်းချက်မရှိ ပယ်ဖျက်ပေးခြင်းတို့ ပြုရမည်။

၁၀။ အစိုးရသည် စီဒီအမ် နိုင်ငံ့ဝန်ထမ်းများအပေါ် အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုက ကျူးလွန်သည့် မတရားမှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ အမှန်တရားနှင့်တရားမျှတမှု ရရှိစေရန် ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုရမည်။

## အခန်း (၄)
## အရေးယူခြင်း

၁၁။ အစိုးရသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ကာလအတွင်း အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု ဆောင်ရွက်သည့် နိုင်ငံ့ဝန်ထမ်းများကို စီဒီအမ် နိုင်ငံ့ဝန်ထမ်းအဖြစ် သတ်မှတ်ပြီး ထိုကာလကျော်လွန်မှ အကြမ်းမဖက် အာဏာဖီဆန်ရေး

လှုပ်ရှားမှု ဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများအား ခိုင်လုံသော အကြောင်းပြချက် တင်ပြနိုင်ပါက စီဒီအမ် နိုင်ငံ့ဝန်ထမ်းအဖြစ် သတ်မှတ်နိုင်သည်။

၁၂။ အစိုးရသည် စီဒီအမ် နိုင်ငံ့ဝန်ထမ်းမှ စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်းအဖြစ် ကူးပြောင်းသူများကို စီဒီအမ်မလုပ်သော နိုင်ငံ့ဝန်ထမ်းအဖြစ် သတ်မှတ်ရမည်။

၁၃။ အစိုးရသည် အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စု၏ အာဏာသိမ်းကာလအတွင်း စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်းများအား ရာထူးတိုးမြှင့်ခြင်းကို တရားမဝင်ကြောင်း ကြေညာရမည်။

၁၄။ အစိုးရသည် အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စု၏ အာဏာသိမ်းကာလအတွင်း ကျင်းပသော ဝန်ထမ်းဆိုင်ရာ ပြည်တွင်း စာမေးပွဲရလဒ်များကို တရားမဝင် ပျက်ပြယ်ကြောင်း၊ ပြည်ပ စာမေးပွဲ ရလဒ်များကို အသိအမှတ်မပြုကြောင်း အတိအလင်း ထုတ်ပြန်ကြေညာရမည်။

၁၅။ အစိုးရသည် -

(က) အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စု၏ အာဏာသိမ်းကာလအတွင်း ခန့်အပ်ထားသည့် ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများကို တရားမဝင်ကြောင်း ကြေညာရမည့်အပြင် အမည်ပျက်စာရင်း ရေးသွင်း မှတ်တမ်းထားရှိရမည်။

(ခ) ထိုသူများ တရားမဝင် လုပ်ကိုင်ဆောင်ရွက်နေစဉ်ကာလအတွင်း ပြစ်မှုကျူးလွန်ကြောင်း အထောက်အထားတွေ့ရှိလျှင် တရားစွဲဆိုရမည်။

၁၆။ အစိုးရသည် စီဒီအမ်မလုပ်သော နိုင်ငံ့ဝန်ထမ်းများ၏ ဆောင်ရွက်ချက်များအပေါ် မူတည်၍ ဌာနဆိုင်ရာ အရေးယူအပြစ်ပေးခြင်းနှင့် တည်ဆဲဥပဒေအရ တရားစွဲဆိုခြင်းများ ပြုလုပ်နိုင်သည်။

၁၇။ အစိုးရသည် စီဒီအမ်မလုပ်သော နိုင်ငံ့ဝန်ထမ်းများကို ၄င်းတို့ ကျူးလွန်ခဲ့သော ပြုလုပ်မှု၊ ပျက်ကွက်မှုများအပေါ် အခြေခံ၍ အောက်ပါအတိုင်း အရေးယူရမည်-

(က) ပြန်တမ်းဝင်အရာရှိနှင့်အထက် ရာထူးအဆင့်ရှိသည့် အရာထမ်းများကို ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ အမည်ပျက်စာရင်းတွင် ရေးသွင်းခြင်း၊

(ခ) ပြန်တမ်းဝင်အရာရှိအောက် ရာထူးအဆင့်ရှိသည့် အမှုထမ်းများကို ရာထူးမှ ထုတ်ပယ်ခြင်း၊

(ဂ) အကြမ်းဖက်အာဏာသိမ်း စစ်အုပ်စုအား အထောက်အကူပြုမှု၊ အားပေးကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှု အဆင့်အလိုက် ပြည်ပထွက်ခွာခွင့်ကို ယာယီပိတ်ပင်ခြင်း၊

(ဃ) အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စု၏ အာဏာသိမ်းကာလအတွင်း ရယူခံစားထားသော ရာထူးတိုးနှင့် နှစ်တိုး လစာများ၊ စရိတ်များ၊ ချီးမြှင့်ငွေများနှင့် အခြားခံစားခွင့်များကို ပြန်လည်ပေးအပ်စေခြင်း၊ ပြည်တွင်းနှင့် နိုင်ငံခြား ပညာတော်သင် ဘွဲ့တံဆိပ်များအား နိုင်ငံတော်က အသိအမှတ် မပြုခြင်း၊

(င) အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုက ပေးအပ်ထားသည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပြန်လည်ပေးအပ်စေခြင်း။

၁၈။ အစိုးရသည် အောက်ပါကိစ္စတရပ်ရပ်ကို ဆောင်ရွက်ခဲ့သည့် စီဒီအမ်မလုပ်သော နိုင်ငံ့ဝန်ထမ်းများကို ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းဖြင့် အရေးယူရမည်-

(က) စီဒီအမ် နိုင်ငံ့ဝန်ထမ်းများကို ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခြင်း၊

( ခ ) စီဒီအမ် နိုင်ငံ့ဝန်ထမ်းများကို တနည်းနည်းဖြင့် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်း သို့မဟုတ် ဖိနှိပ်ခြင်း၊

( ဂ ) စီဒီအမ်နိုင်ငံ့ဝန်ထမ်းတဦးဦးအား ဥပဒေတမျိုးမျိုးဖြင့် တရားစွဲဆိုနိုင်ရန် အားပေးကူညီခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် အရေးယူ အပြစ်ပေးခြင်း။

၁၉။ အစိုးရသည် အောက်ပါကိစ္စတရပ်ရပ်ကိုဖြစ်စေ၊ အခြားကိစ္စတရပ်ရပ်ကိုဖြစ်စေ ဆောင်ရွက်ခဲ့သည့် စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်းများကို သက်ဆိုင်ရာ တည်ဆဲဥပဒေအရ တရားစွဲဆိုရမည်-

(က) အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စု၏ နိုင်ငံတော်ပုန်ကန်မှုတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ခ ) အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုကို ထောက်ခံပြီး ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဂ ) အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စု၏ အာဏာသိမ်းကာလအတွင်း အဂတိလိုက်စားမှု ကျူးလွန်ခြင်း၊ မတရားသောနည်းဖြင့် နိုင်ငံပိုင်ပစ္စည်းနှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများကို ရယူခြင်း၊ သုံးစွဲခြင်း၊ ပျက်စီးဆုံးရှုံးစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) နိုင်ငံတော်၏ ဘဏ္ဍာငွေကို တနည်းနည်းဖြင့် ဆုံးရှုံးအောင် ဆောင်ရွက်ခြင်း၊

( င ) ပြည်သူလူထုအပေါ် တနည်းနည်းဖြင့် ဖိနှိပ်ခြင်း သို့မဟုတ် နစ်နာဆုံးရှုံးစေခြင်း။

၂၀။ အစိုးရသည် အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စု၏ အာဏာသိမ်းကာလအတွင်း ပင်စင်ခံစားသည့် စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်း၏ ပင်စင်ခံစားခွင့် အမျိုးအစားအပေါ်မူတည်ပြီး တည်ဆဲဥပဒေနှင့်အညီ စိစစ်၍ ခွင့်ပြု၊ မပြု ဆုံးဖြတ်နိုင်သည်။

၂၁။ အစိုးရသည် စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်းတဦးဦးက တော်လှန်ရေး အောင်မြင်စေရန် ဆောင်ရွက်မှုတရပ်ရပ်တွင် ထိရောက်စွာ ပါဝင်ကူညီခဲ့ကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိပါက ယင်းစီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်းအား ဤဥပဒေပါ အရေးယူခြင်း တရပ်ရပ်မှ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပြုနိုင်သည်။

## အခန်း (၅)
## အသနားခံစာတင်သွင်းခြင်း

၂၂။ (က) ဤဥပဒေအရ အရေးယူခြင်းခံရသူသည် အရေးယူခြင်းခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်သုံးသပ်ပေးပါရန် အကျိုးအကြောင်းဖော်ပြ၍ အစိုးရထံ အသနားခံစာ တင်သွင်းနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရတင်သွင်းလာသော အသနားခံစာအား စိစစ်၍ အစိုးရသည် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းကို ဆုံးဖြတ်နိုင်သည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ အစိုးရ၏ ဆုံးဖြတ်ချက်သည် အပြီးသတ် အတည်ဖြစ်သည်။

## အခန်း (၆)

## အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုဆိုင်ရာ နိုင်ငံ့ဝန်ထမ်း စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

### ကော်မရှင်ဖွဲ့စည်းခြင်း

၂၃။ အစိုးရသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းစီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် ပြည်ထောင်စု အဆင့် ပုဂ္ဂိုလ်၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ စီဒီအမ် နိုင်ငံ့ ဝန်ထမ်းများ၊ စီဒီအမ် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ သမဂ္ဂများ၊ အစုအဖွဲ့များမှ ပုဂ္ဂိုလ်များ နှင့် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုဆိုင်ရာ နိုင်ငံ့ဝန်ထမ်း စုံစမ်းစစ်ဆေးရေးကော်မရှင် ကို “မ” ဂဏန်းဦးရေဖြင့် သတ်မှတ် ဖွဲ့စည်း ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်အား လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

### ကော်မရှင်၏ သက်တမ်း

၂၄။ အစိုးရသည် ကော်မရှင်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။ လိုအပ်ပါက ကော်မရှင်၏ သက်တမ်းကို ထပ်မံတိုးမြှင့် သတ်မှတ်နိုင်သည်။

### ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၅။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စီဒီအမ် နိုင်ငံ့ဝန်ထမ်းစာရင်းနှင့် စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်းစာရင်း ပြုစုခြင်း၊

( ခ ) စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်းများက စီဒီအမ် နိုင်ငံ့ဝန်ထမ်းများအပေါ် ကျူးလွန်ခဲ့သည့် ပြစ်မှုများ နှင့် အခြားသောပြစ်မှုများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို စနစ်တကျ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ အစိုးရထံ အစီရင်ခံ တင်ပြခြင်း၊

( ဂ ) ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် သတင်းအချက်အလက်များအား အခါအားလျော်စွာ သင့်လျော်သော နည်းလမ်းများဖြင့် အများပြည်သူ သိရှိစေရန် စီစဉ်တင်ပြခြင်း၊

(ဃ) ပုဒ်မ ၁၉ အရ တရားစွဲဆိုရန်လိုအပ်သည့် စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်းအား စနစ်တကျ စာရင်းပြုစု၍ အစိုးရထံ အစီရင်ခံ တင်ပြခြင်း၊

( င ) အစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

( စ ) ၂၀၂၁ ခုနှစ်၊ ဖြေ့ီလ ၃၀ ရက်နောက်ပိုင်း အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု ဆောင်ရွက်သည့် နိုင်ငံ့ဝန်ထမ်းများကို ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ ပေးအပ်ခြင်း ပြု၊ မပြု နှင့်စပ်လျဉ်း၍ စိစစ်ပြီး အစိုးရထံ အစီရင်ခံ တင်ပြခြင်း၊

(ဆ) ဤဥပဒေအရ နိုင်ငံ့ဝန်ထမ်း တဦးဦး၏ ဆောင်ရွက်ချက်များအပေါ် အခြေခံ၍ စီဒီအမ် နိုင်ငံ့ဝန်ထမ်း ဖြစ်ကြောင်း၊ စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်း ဖြစ်ကြောင်း သို့မဟုတ် ၎င်းအား တရားမဝင်သည့် ခန့်အပ်ခြင်းဖြစ်ကြောင်း စသည်တို့နှင့်စပ်လျဉ်း၍ စိစစ်ပြီး အစိုးရထံ အစီရင်ခံ တင်ပြခြင်း၊

( ဇ ) ပုဒ်မ ၂၁ အရ စီဒီအမ် မလုပ်သော နိုင်ငံ့ဝန်ထမ်း တဦးဦးအား အရေးယူခြင်း တရပ်ရပ်မှ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်ရန် စိစစ်ပြီး အစိုးရထံ အစီရင်ခံ တင်ပြခြင်း၊

(ဈ) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သော ကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်း၊ ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) စီဒီအမ်ရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်ပါက အရပ်ဘက်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများထံမှ အကြံဉာဏ်နှင့် အချက်အလက်များရယူခြင်း၊

( ဋ ) ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် အကူအညီများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် သင့်လျော်သည့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်ခြင်း၊

( ဌ ) လိုအပ်ပါက ကော်မရှင်၏ အစည်းအဝေးများတွင် ပညာရှင်များကို ဖိတ်ကြား၍ အကြံဉာဏ် ရယူခြင်း၊

( ဍ ) သက်ဆိုင်ရာ အဖွဲ့အစည်းများရှိ ဤဥပဒေနှင့် သက်ဆိုင်သည့် စာရွက်စာတမ်း၊ မှတ်တမ်းများနှင့် ပစ္စည်းများကို စစ်ဆေးကြည့်ရှုခွင့်နှင့် မိတ္တူ ကူးယူခွင့်ရှိခြင်း၊

( ဎ ) နိုင်ငံ့ဝန်ထမ်းတဦး၏ စီဒီအမ် ဆောင်ရွက်ချက်အပေါ် မူတည်၍ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးစိစစ်ခြင်းနှင့် အထူးဂုဏ်ပြုထိုက်သူများအဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ရမည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ခြင်း၊

(ဏ) စီဒီအမ်မလုပ်သော နိုင်ငံ့ဝန်ထမ်းများအပေါ် တိုင်ကြားသည့် တိုင်ကြားစာများ စိစစ်လက်ခံခြင်းနှင့် မမှန်မကန် တိုင်ကြားကြောင်း စိစစ်တွေ့ရှိပါက တိုင်ကြားစာများကို ပယ်ချခြင်း။

၂၆။ ကော်မရှင်သည်-

(က) အောက်ပါ ကော်မတီနှင့်လုပ်ငန်းအဖွဲ့များအပြင် အခြားလိုအပ်သော ကော်မတီ နှင့် လုပ်ငန်းအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်-

(၁) စီဒီအမ်ဆိုင်ရာ စိစစ်ရေး ကော်မတီ၊

(၂) အသိအမှတ်ပြုရေးနှင့် ဂုဏ်ပြုချီးမြှင့်ရေးဆိုင်ရာ ကော်မတီ၊

(၃) ပြန်လည်ကုစားရေး ကော်မတီ၊

(၄) အမှန်တရားနှင့်တရားမျှတမှုရှာဖွေဖော်ထုတ်ရေး ကော်မတီ၊

(၅) စီဒီအမ်ဆိုင်ရာ ဘဏ္ဍာရေး ကော်မတီ၊

(၆) မှတ်တမ်းနှင့် သုတေသန လုပ်ငန်းအဖွဲ့။

( ခ ) လိုအပ်ပါက ကော်မတီအဖွဲ့ခွဲများကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးနိုင်သည်။

၂၇။ ကော်မရှင်သည် လိုအပ်ပါက ကော်မရှင်ခွဲအဆင့်ဆင့်ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးနိုင်သည်။

၂၈။ ကော်မရှင်က ဖွဲ့စည်းသော ကော်မရှင်ခွဲများ၊ ကော်မတီများ၊ လုပ်ငန်းအဖွဲ့များ၊ ကော်မတီအဖွဲ့ခွဲများ၏ သက်တမ်းသည် ကော်မရှင်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

## အခန်း (၇)

## အထွေထွေ

၂၉။ ဤဥပဒေပါ အရေးယူခြင်း တရပ်ရပ်ဖြင့် အရေးယူခြင်းမခံရသည့် စီဒီအမ်မလုပ်သော နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူဘက်မှ မရပ်တည်ဘဲ အကြမ်းဖက်အာဏာသိမ်း စစ်အုပ်စု၏ အာဏာသိမ်းကာလအတွင်း ယင်းတို့၏ ရပ်တည်ခဲ့မှုအပေါ် အများပြည်သူအား ဝန်ချတောင်းပန်ခြင်းကို အစိုးရ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ အစိုးရသည် စီဒီအမ်နိုင်ငံ့ဝန်ထမ်းများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများ ချမှတ်ပြီး တရားမျှတ၍ ဂုဏ်သိက္ခာရှိသော နိုင်ငံ့ဝန်ထမ်းစနစ် ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ရမည်။

၃၁။ ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီနှင့် အမျိုးသားညီညွတ်ရေးအစိုးရက ထုတ်ပြန်သော စီဒီအမ်မလုပ်သော နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ အမည်ပျက် စာရင်းသွင်းခြင်းနှင့် အခြားကိစ္စရပ်များနှင့် သက်ဆိုင်သော အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ထုတ်ပြန်ချက်များအား ဤဥပဒေနှင့် စိစစ်ဆောင်ရွက်သွားမည်။

၃၂။ ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက အမျိုးသားညီညွတ်ရေးအစိုးရက ထုတ်ပြန်သော စီဒီအမ် နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ တဆင့်မြှင့် ရာထူးတိုးခြင်းနှင့် အခြားကိစ္စရပ်များနှင့် သက်ဆိုင်သော အမိန့်၊ အမိန့်ကြော်ငြာစာနှင့်ထုတ်ပြန်ချက်များအား ဤဥပဒေနှင့် စိစစ်ဆောင်ရွက်သွားမည်။

၃၃။ အစိုးရသည် နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ခဲ့သည့် စီဒီအမ်သူရဲကောင်း နေ့စားဝန်ထမ်းများအား ပုဒ်မ ၁၁ နှင့်အညီ စီဒီအမ် နိုင်ငံ့ဝန်ထမ်းအဖြစ် စိစစ်သတ်မှတ်ပြီး ဤဥပဒေပါ အခွင့်အရေး တစိတ်တပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ခံစားခွင့်ပြုနိုင်သည်။

၃၄။ ဤဥပဒေအရ ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်တဦးဦးကို ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၃၅။ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကော်မရှင်သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ကော်မရှင်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)